www.burmeseclassic.com

Little Boy Publishing House

သားငယ် သမီးငယ်တို့အတွက်

# ပုံပြဩကာသ



လင်းသက်ခိုင်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် ၂၉

သားငယ်သမီးငယ်တို့အတွက်

# ပုံပြဩကာသ

(ဩကာသအနက်အဓိပ္ပာယ်ဖွင့်ဆိုချက် သရုပ်ဖော်ပုံများနှင့် အခြားကောင်းမှု မင်္ဂလာတရားများကိုပါ သရုပ်ဖော်တင်ဆက်ထားသည်)

လင်းသက်ခိုင်
စုစည်းမှုဖော်သည်။

Little Boy Publishing House မှ
စီစဉ်သည်။

ဖြန့်ချိရေး
စာပေလောက ၅
အမှတ် ၁၃၈-၁၄၀၊ ပထမထပ်၊
မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၂၅၀၆၇၊ ၀၉ ၇၃၁၄၀၉၃၆

www.burmeseclassic.com




| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေခြင်း | ဇူလိုင်၊ ၂၀၁၃ |
| တန်ဖိုး | ၁၂၀၀ ကျပ် |
| စီစဉ်သူ | Little Boy Publishing House |
| အတွင်းသရုပ်ဖော် | ကာတွန်း ဝင်းမြင့်အောင် |
| ထုတ်ဝေသူ | ဒေါ်နှင်းမြတ်သွယ် (၀၄၅၈၉)၊ သက္ကဝတီစာပေ၊ ၄၈ မွှောရုံလမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက် အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်။ |

Little Boy Publishing House

သားငယ် သမီးငယ်တို့အတွက် ပုံပြင်ကဗျာ

သက္ကဝတီစာစဉ်။ - ရန်ကုန်။

၁၀၄ စာ။ ၁၃.၉၇ x ၁၂.၇ စင်တီ

သားငယ် သမီးငယ်တို့အတွက် ပုံပြင်ကဗျာ


# မင်္ဂလာဆုတောင်း

ကလေးအရွယ်လိမ္မာနှင့်ပါမှ၊ ကြီးရင့်ကလိမ္မာမည်။
မလိမ္မာပြည်ထောင်စုကြလျှင်၊ ကောင်းမှုမတည်။
ကလေးတို့နေပြည်၊ တည်စေဖို့စိတ်စော။
နံနက်မင်္ဂလာနှင့် နေ့မကွာညဥ့်ပါသုံးလို့ရယ်၊ ပြုံးကြစေသော။

**မဟာဂန္ဓာရုံဆရာတော်**
**အရှင်ဇနကာဘိဝံသ**

www.burmeseclassic.com

# မင်္ဂလာနိဒါန်း

ယနေ့ခေတ်သားငယ်သမီးငယ်တို့ကို ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟု ဆိုအပ်တဲ့ ရတနာမြတ်(၃)ပါးကို ယုံကြည် နားလည်စွာ ကိုးကွယ်ဆည်းကပ်နိုင်ဖို့အတွက် ရတနာသုံးပါးကို ဆည်းကပ်ရာ၌ ယဉ်ကျေးအောင်၊ ဦးချကန်တော့တတ်အောင် ဩကာသကန်တော့ချိုးကို ဆိုသာဆိုပြီး ဩကာသရဲ့အနက်အဓိပ္ပာယ် အမှန်ကို မသိရင်၊ နားမလည်ရင်၊ ကန်တော့ရခြင်းအတွက် အကျိုး ကျေးဇူးများ ဖြစ်ထွန်းမှာ မဟုတ်ဘူးနော်။

ဒါကြောင့်မို့ ဩကာသအဓိပ္ပာယ်နားလည်ပြီး ကန်တော့ တတ်အောင်ပုံပြဩကာသကိုရေးသားပေးလိုက်ပါတယ်။ ပုံပြဩကာ သထဲမှာ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ပြစ်မှားကျူးလွန်တတ်တဲ့ ဒုစရိုက် (၁၀) ပါးအကြောင်းကို ပုံနှင့်ရှင်းပြထားပါတယ်။

ပြီးတော့ အပါယ် ၄ ပါး၊ ကပ် ၃ ပါး၊ ရပ်ပြစ် ၈ ပါး၊ ရန်သူမျိုး ၅ပါး၊ ဝိပ္ပတ္တိတရား ၄ ပါး၊ ဗျသနတရား ၅ ပါး၊ ပုညကြိယာ ၁၀ ပါး၊

www.burmeseclassic.com

ပါရမီ ၁၀ ပါး၊ ဗြဟ္မစိုရ်တရား ၄ ပါး၊ အပါယ်မလား ၇ ပါး၊ သူတော်ကောင်းတရား ၇ ပါး၊ သည်းခံခြင်းအကျိုးတရား ၅ မျိုး အစရှိတဲ့ ကောင်းကျိုးမင်္ဂလာဖြစ်စေဖွယ် တရားတွေကို သားတို့သမီးတို့ လွယ်ကူစွာနားလည်ဖို့ပုံပြသြကာသနှင့်ကောင်းမှုမင်္ဂလာစာအုပ်ကို ရေးသားလိုက်ပါတယ်။

**လင်းသက်နိုင်**



# ဘုရားရှိခိုးနည်း

## ရှိခိုးဦးချပုံ

'ထိုင်ထိုင်ထိုင် လက်အုပ်ချီကာ ညီစွာထိုင်၊ လက်ချ၊ ဒူးချ၊ ညီစွာချ၊ (လက်ကိုရှေ့သို့တိုးပြီးမှ)' တံတောင်ချလို့ နဖူးချ၊ လက်၊ ခြေ၊ နဖူး၊ တံတောင် ဒူးပါ (ငါးဦးမြေတွင်ထိရမှာ)' နဖူးကြွကာ၊ တံတောင်ကြွ၊ လက်နောက်ဆုတ်လို့ လက်ဒူးကြွ၊ ကျနလှပ ထိုင်ပြီးကာ (သုံးကြိမ်စေ့အောင်ဝတ်ချရာ)'

## ဝတ်ပြုရကျိုး (၄)မျိုး

သုံးပါးရတနာ ဆရာ၊ မိဘ၊ သက်ကြီးဝါကြီးဝပ်တွားကြ။ သက်ရှည် ဆင်းလှချမ်းသာကြွယ်၊ (အင်အားပြည့်ဖြိုးတိုးလို့ရယ်)' ရှိခိုးသူဝယ် ရအကျိုး (အဲ့ဒီလေးမျိုး ဒီလေးမျိုး)

www.burmeseclassic.com

**ဘုရားရှိခိုးခြင်း**

မြတ်စွာဘုရားနှင့် ရဟန်းသံဃာတော်တို့ထံ ဆည်းကပ်ကိုးကွယ်တဲ့အခါ ရိုသေစွာလက်အုပ်ချီရမည်။ "နီးဝေး၊ ရှေ့ နောက်၊ မြင့်မောက်လေညာ" ဆိုတဲ့ အပြစ်(၆)မျိုးလွတ်သောနေရာမှနေ၍ ရှိခိုးဦးချရမည်။ လျှောက်ထားစရာရှိသည်များကိုလည်း ရိုသေစွာ လျှောက်ထားတတ်ရမည်။

မြတ်စွာဘုရားနှင့် ရဟန်းသံဃာတွေကို ဦးချတဲ့အခါမှာ ရိုသေစွာရှိခိုးနည်း (၃) နည်း ရှိပါသည်။

၁။ ကာယကံအားဖြင့် ထိခြင်းငါးပါးနှင့်အညီ ရှိခိုးခြင်း။

၂။ ဝစီကံအားဖြင့် နှုတ်မှရွတ်ဆို၍ ရှိခိုးခြင်း။

၃။ မနောကံအားဖြင့် စိတ်မှာ အာရုံပြု၍ ရှိခိုးခြင်း။

**(ဆောင်ပုဒ်)**


ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး၊ ငါးဦး မြေထိစေ။






**ထိခြင်းငါးပါးဖြင့်ရှိခိုးခြင်း**

ဒူး ၂ ဖက်၊ လက် ၂ ဖက်၊ နဖူးတို့ကို မြေကြီး (သို့) ကြမ်းပြင်တွင်ထိစေ၍ ရှိခိုးခြင်းသည် ထိခြင်း (၅) ပါးဖြင့် ရှိခိုးခြင်းမည်သည်။



www.burmeseclassic.com







## ထိုင်လျက်ရှိခိုးပုံ


ဘုရားဆင်းတုတော်၊ စေတီတော်၊ သံဃာတော်တို့ကို မျက်နှာမူ၍ အမျိုးသားများ ဆောင့်ကြောင့်ထိုင်ပါ။ အမျိုးသမီးများ တင်ပါးလွှဲ ကျုံ့ကျုံ့ထိုင်ပါ။

ထိုသို့ရှိခိုးခြင်းဖြင့် ဦးချနေသည့်အခိုက် အောက်ပါအတိုင်းရွတ်ဆိုပါ။

'ဗုဒ္ဓံ ပူဇေမိ = ဗုဒ္ဓမြတ်စွာဘုရားကို၊ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား၊

ဓမ္မံ ပူဇေမိ = ဓမ္မ တရားတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား၊

သံဃံ ပူဇေမိ = သံဃာတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား"




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ရပ်လျက်ရှိခိုးပုံ

လမ်းတွင် ရဟန်းသံဃာတော်တို့နှင့် တွေ့ဆုံသောအခါ ဦးထုပ်၊ ဖိနပ် ချွတ်၍ ခြေစုံရပ်ကာ လက်အုပ်ကို ဦးထိပ်တင်လျက် ကိုယ်ကို ရှေ့သို့ကိုင်းညွတ်ကာ ရှိခိုး ရမည်။







## ဩကာသ ကန်တော့ချိုး

ဩကာသ. . ဩကာသ. . ဩကာသ. . ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို၊ ပျောက်ပါစေခြင်း၊ အကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးနှင့်မိဘ၊ ဆရာတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား တော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## ဩကာသကန်တော့ချိုး၏ အဓိပ္ပါယ်

'ရှိခိုးပါရစေ (သို့မဟုတ်) ကန်တော့ပါရစေ' ဟု ခွင့်တောင်းခြင်းသာ ဩကာသမည်သည်။ ရိုသေမှုကို အလေးအနက်ပြု လိုသောကြောင့် (၃) ကြိမ် (၃) ခါ ရွတ်ဆိုစေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကာယဒုစရိုက် (၃) ပါး

၁။ ကာယကံ = ကိုယ်ဖြင့်ပြုလုပ်သောအမှုကို ကာယကံဟုခေါ်သည်။


**(ဆောင်ပုဒ်)**

"သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ"






က။ ပါဏာတိပါတကံ = သူတစ်ပါးအသက်ကို သတ်ဖြတ်မှု။



www.burmeseclassic.com

www.burmeseclassic.com

ခ။ အဒိန္နာဒါနကံ = သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးဝှက်လုယူမှု။





သားငယ် သမီးငယ်တို့အတွက် ပုံပြင်ကာသ

ဂ။ ကာမေသုမိစ္ဆာစာရကံ = သူတစ်ပါးသားမယားနှင့် အုပ်ထိန်းမှု မကင်းသော မိန်းမများကို ပြစ်မှားစော်ကားမှု။



www.burmeseclassic.com

www.burmeseclassic.com

# ဝစီဒုစရိုက် (၄) ပါး

၂။ ဝစီကံ = နှုတ်ဖြင့်ပြောဆိုသောအမှုကို 'ဝစီကံ' ဟုခေါ်သည်။


**(ဆောင်ပုဒ်)**

"မုသားဆိုပြော၊ ကုန်းချောရန်တိုက်၊ အမိုက်အမဲ၊ ဆဲရေးခြောက်ခြိမ်း၊
အပြိန်းစကား၊ နေ့စဉ်ပွား၊ လေးပါးဝစီကံ။"



သားငယ် သမီးငယ်တို့အတွက် ပုံပြင်ဟာသ

က။ မုသာဝါဒကံ = မဟုတ်မမှန်သော စကားကိုပြောဆိုမှု။



www.burmeseclassic.com

www.burmeseclassic.com


ခ။ ပိသုဏဝါစာကံ = ချစ်သူ ၂ ဦးတို့အား အချစ်ပျက်အောင် ကုန်းတိုက် စကားပြောဆိုမှု။






သားငယ် သမီးငယ်တို့အတွက် ပုံပြဩကာသ


ဂ။ ဖရုသဝါစာကံ = ဆဲရေးခြင်း၊ ကြမ်းတမ်းစွာပြောဆိုမှု။



www.burmeseclassic.com

www.burmeseclassic.com

ဃ။ သမ္ဖပ္ပလာပဝါစာကံ = အကျိုးမဲ့သိမ်ဖျင်းသော စကားပြောဆိုမှု။







## မနောဒုစရိုက် (၃) ပါး

၃။ မနောကံ = စိတ်ဖြင့်ကြံစည်သောအမှုကို 'မနောကံ' ဟုခေါ်သည်။

**(ဆောင်ပုဒ်)**


"သူ့စည်းစိမ်ကို ငါပိုင်လိုမှု၊ သူ့သက်ဇီဝေ၊ သေစေချင်ဟု၊ အယူမှောက်မှား၊ နှေ့စဉ်ပွား၊ ၃ ပါးမနောကံ"

www.burmeseclassic.com


www.burmeseclassic.com



က။ အဘိဇ္ဈာကံ = သူတစ်ပါး၏ စည်းစိမ်ဥစ္စာကို မတရားရလိုမှု၊



ခ။ ဗျာပါဒကံ = သူတစ်ပါး အကျိုးစီးပွားကို ပျက်စီးစေလိုမှု။



www.burmeseclassic.com

www.burmeseclassic.com

ဂ။ မိစ္ဆာဒိဋ္ဌိကံ = အယူမှားမှု။







## အပါယ် (၄) ပါး

အပါယ် (အပါယ) = ချမ်းသာကင်း၍ ကုသိုလ်ကောင်းမှု ပြုခွင့်မရသောအရပ် ၄ မျိုး။


၁။ ငရဲ = ငရဲထိန်း၊ ငရဲမီးတို့ဖြင့်၊ အမြဲညည်းပန်း နှိပ်စက်ခံနေရသောဘုံ။



www.burmeseclassic.com

www.burmeseclassic.com


၂။ တိရစ္ဆာန် = အိပ်၊ စား၊ ကာမ ဤ(၃)မျိုးသာသိ၍ မဂ်ဖိုလ်မှ ဖီလာကန့်လန့် သွားတတ်သော သတ္တဝါတို့၏ဘုံ။









၃။ ပြိတ္တာ = စားစရာမရှိ၊ ဝတ်စရာမရှိ၊ နေစရာမရှိ ဖြစ်နေသူတို့ဘုံ။
(တစ္ဆေ၊ မှင်စာ၊ သရဲ၊ သဘက်၊ ဖုတ်ကောင်၊ ကျွတ်ကောင်)



www.burmeseclassic.com

www.burmeseclassic.com

၄။ အသူရကာယ် ။ ပြိတ္တာများထက်ပို၍ ဆင်းရဲငတ်ပြတ်သောဘုံ။
(တောတောင်သမုဒ္ဒရာကမ်း၌နေသော ပြိတ္တာ အသူရာများ)



**(ဆောင်ပုဒ်)**

ငရဲတစ်တန်၊ တိရစ္ဆာန်နှင့် ပြိတ္တာတစ်သွယ်၊ အသူရကာယ် မှတ်ဖွယ်အပါယ်လေးပါး။






**ကပ်သုံးပါး = ကပ် = ပျက်စီးခြင်း**

(ဆောင်ပုဒ်။ ။ သတ္တ၊ ရောဂ၊ ဒုဗ္ဘိက္ခာ၊ သုံးဖြာ ကပ္ပ မှတ်ကုန်ကြ။

(က) ဒုဗ္ဘိက္ခန္တရကပ် = သတ္တဝါတို့လောဘတရားကြီးမားသောကြောင့် အငတ်ဘေး ဆိုက်၍ ပျက်စီးစေသောကပ်။






www.burmeseclassic.com

www.burmeseclassic.com

(ခ) ရောဂါန္တရကပ် = သတ္တဝါတို့မောဟတရားကြီးမားမှုကြောင့် ရောဂါဘေးနှင့်
ပျက်စီးစေသောကပ်။







(ဂ) သတ္တန္တရကပ် = သတ္တဝါတို့ လက်နက်ဘေးကြောင့် ပျက်စီးစေသောကပ်။



www.burmeseclassic.com

www.burmeseclassic.com

## ရပ်ပြစ်ရှစ်ပါး

**(ဆောင်ပုဒ်)**

ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ အသက်ရှည်နတ်၊ ဖြစ်လတ်ပစ္စန်၊ မိစ္ဆာ
ဉာဏ်ရှိ၊ ဉာဏ်မရှိသား၊ ဉာဏ်ရှိကြလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လှစ်
သည်၊ ရပ်ပြစ်ရှစ်ပါး သရုပ်တည်း။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသညသတ်နှင့် အရူပပြဟ္မာ၊ တိုင်းခြားနယ်စွန်အရပ်၊ မိစ္ဆာဒိဋ္ဌိ အယူရှိခြင်း၊ ထုံထိုင်းဆွံ့အ၍ ဘုရား၏ တရားတော်ကို နားမလည်သူ၊ ဉာဏ်ရှိသော်လည်း ဘုရားသာသနာ ပြင်ပတွင် လူဖြစ်ရသော သူကိုခေါ်သည်။








ငရဲဘုံ

www.burmeseclassic.com

www.burmeseclassic.com




တိရစ္ဆာန်ဘုံ









အသညသတ်ဘုံ


www.burmeseclassic.com

www.burmeseclassic.com


အရှုပမြဟွာဘုံ






တိုင်းခြားနယ်စွန်အရပ်

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာဒိဋ္ဌိအယူရှိခြင်း၊ ထုံထိုင်းဆွံ့အ၍ ဘုရား၏ တရားတော်ကို နားမလည်သူ၊ ဉာဏ်ရှိသော်လည်း ဘုရားသာသနာတော်ပြင်ပတွင် လူဖြစ်သူ။



သားငယ် သမီးငယ်တို့အတွက် ပုံပြဿကာသ

## ရန်သူမျိုး (၅) ပါး

**(ဆောင်ပုဒ်)**

“ရေ မီး၊ သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ဤငါးပါးမှတ်သားလေကွယ့်၊ ရန်သူတဲ့”
ရေဘေး၊ မီးဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ မချစ်မနှစ်သက်သောသူဘေးကိုခေါ်သည်။
(ဘေးရန်ကြီးမား၍ ရန်သူမျိုးငါးပါးဟုခေါ်သည်။)




ရေဘေး

www.burmeseclassic.com

www.burmeseclassic.com

သားငယ် သမီးငယ်တို့အတွက် ပုံပြဩကာသ




မီးဘေး



ခိုးသူဘေး

www.burmeseclassic.com

www.burmeseclassic.com




မင်းဘေး



သားငယ် သမီးငယ်တို့အတွက် ပုံပြဩကာသ



မချစ်၊ မနှစ်သက်သူဘေး

www.burmeseclassic.com


www.burmeseclassic.com

**ဝိပတ္တိတရားလေးပါး**

**ဝိပတ္တိ = ဖောက်ပြန်ချွတ်ယွင်းခြင်း**

(ဆောင်ပုဒ်) 'ကာလ၊ ဂတိ၊ ဥပဓိနှင့် ပယောဂပါ ဤလေးဖြာ မှတ်ပါဝိပတ္တိ'

(က) ကာလဝိပတ္တိ = ခေတ်ပျက်ခြင်း၊









(ခ) ဂတိဝိပတ္တိ = ဒုဂ္ဂတိဘဝရောက်နေသူများ၊



www.burmeseclassic.com

www.burmeseclassic.com


(ဂ) ဥပဓိဝိပ္ပတ္တိ = ကိုယ်အင်္ဂါဖောက်ပြန်ချို့တဲ့ခြင်း။








(ဃ) ပယောဂဝိပ္ပတ္တိ = လုံ့လပယောဂပျက်စီးခြင်း





www.burmeseclassic.com

www.burmeseclassic.com

ဗျသနတရားငါးပါး

ဗျသန = ပျက်စီးဆုံးပါးခြင်း။

(က) ဉာတိဗျသန = ဆွေမျိုးပျက်စီးခြင်း၊








(ခ) ဘောဂဗျသန = စည်းစိမ်ပျက်စီးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com


(ဂ) ရောဂါဗျသန = ရောဂါနှိပ်စက်၍ ပျက်စီးခြင်း၊





သားငယ် သမီးငယ်တို့အတွက် ပုံပြသြကာသ


(ဃ) ဒိဋ္ဌိဗျသန = အယူမှား၍ ပျက်စီးခြင်း၊




www.burmeseclassic.com

www.burmeseclassic.com

(င) သီလဗျသန = အကျင့်သီလပျက်စီးခြင်း။



**(ဆောင်ပုဒ်)**

ဆုံးရှုံးပျက်ပြား၊ ပြစ်မှုများ၊ ခေါ်ငြားဗျသန။
ဉာ၊ ဘော၊ ရော၊ သီ၊ ဒိဋ္ဌိငါးမည်၊ တွေ့ပြီဗျသန။





## ပါဏာတိပါတကံကျူးလွန်လျှင် ခံရမည့် အပြစ်ပြဝတ္ထု

မည်သည့်သက်ရှိသတ္တဝါများကိုမဆို ညှဉ်းပန်း၊ နှိပ်စက်၊ သတ်ဖြတ်သူများသည် ပါဏာတိပါတကံကို ကျူးလွန်သူဖြစ်၍ သေလွန်သောအခါတွင် ငရဲသို့ ကျရောက်တတ်ပေသည်။ ထိုပါဏာတိပါတကံ ကျူးလွန်လျှင် ခံရမည့် အပြစ်ပြပုံဝတ္ထုကို တင်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေးတုန်းက အိမ်ရှင်မတစ်ဦးသည် သူ၏အိမ်သို့ ရပ်ဝေးမှ ဧည့်သည် ရောက်လာသည့်အတွက် ချက်ပြုတ်ကျွေးမွေးရန်၊ ဈေးဘက်သို့ထွက်၍ အသားဟင်းလျာသွားဝယ်လေသည်။ သို့သော် ဥပုသ်နေ့ဖြစ်သောကြောင့် အသားဝယ်မရပေ။ထို့ကြောင့် အိမ်သို့ပြန်လာပြီး အိမ်ရှိကန်ထဲ၌မွေးထားသော ငါးတစ်ကောင်ကို မှားကာ ကိုယ်တိုင်သတ်၍ ဧည့်သည်အားချက်ပြုတ်ကျွေးမွေးခဲ့လေသည်။ မကြာမီ အိမ်ရှင်မသည် သေဆုံးသွားပြီး ထိုမကောင်းမှုကြောင့် ငရဲအိုးကျရလေသည်။ တစ်ဖန် ငရဲမှလွတ်သောအခါ၌လည်း သူသတ်ခဲ့သော ငါး၏ အကြေးခွံအရေအတွက်ရှိသလောက် သူတစ်ပါး၏ သတ်ဖြတ်ခြင်းခံရပြန်လေသည်။


ဤဝတ္ထုလေးကို ဖတ်ရှုပြီး သားသားမီးမီးတို့ ပါဏာတိပါတကံကို ရှောင်ကြဉ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။





## အဒိန္နာဒါနကံကျူးလွန်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

ပိုင်ရှင်ကိုယ်တိုင် ကိုယ်နှုတ်ဖြင့် ပေးအပ်ခြင်းမရှိသော သက်ရှိသက်မဲ့ ပစ္စည်းများကို ခိုးယူခြင်း၊ မားပြတိုက်ခြင်း၊ အာဏာဖြင့်ယူခြင်း၊ အလေးချိန်ခွင်တို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လိမ်လည်ရောင်းချ၍ ယူခြင်း၊ ရောင်းကုန်များထဲ၌ ရေထိုးခြင်း၊ အရောအနှော ပြု လုပ်ခြင်း၊ ထုံထိုင်းဖျင်းအသောသူတို့၏ ပစ္စည်းများကို လိမ်လည်ယူခြင်း၊ ခြောက် လှန့်၍ယူခြင်း၊ နှိုက်ယူခြင်းတို့သည် အဒိန္နာဒါနကံကို ကျူးလွန်ခြင်းဖြစ်၍ သေဆုံး သောအခါ ငရဲသို့ကျရလေသည်။ ထိုအဒိန္နာဒါနကံ ကျူးလွန်လျှင် ခံရမည့်အပြစ် ပြဝတ္ထုကို တင်ဆက်လိုက်ပါသည်။

ရှေးရှေးတုန်းက ဈေးသည်မိန်းမတစ်စုတို့သည် မသမာသောစိတ်ထား ဖြင့် အလေးချိန်ခွင်များအပေါ်တွင် ခိုးယူရောင်းချ၍ ဥစ္စာပစ္စည်းများကို ရှာဖွေ စုဆောင်းကြလေသည်။ သို့ရာတွင် ထိုမိန်းမတို့ အရွယ်ကောင်းချိန်မှာပင် ကွယ်လွန်ကာ ပြိတ္တာဖြစ်သွားကြလေသည်။ ယင်းမိန်းမတို့ မတရားရှာဖွေ စုဆောင်းထားသော ဥစ္စာပစ္စည်းများစွာကို သူတို့၏ လင်ယောကျ်ားများက သုံးဖြုန်းပစ်သည်။ သောက်စားပျော်ပါးပစ်လိုက်သည်။ ထိုအခြင်းအရာများကို ဈေးသည်မိန်းမတို့ တမလွန်ဘဝမှ သိမြင်သောအခါ မိမိတို့၏ ရှေးကပြုခဲ့သော မကောင်းမှုများကို နောင်တရ၊ သံဝေဂရကြလေတော့သည်။


ဤပုံဝတ္ထုလေးကို ဖတ်ရှုပြီး သားသားမီးမီးတို့ အဒိန္နာဒါနကံကို ရှောင်ကြဉ် နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါသည်။





## ကာမေသုမိစ္ဆာစာရကံ ကျူးလွန်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

မိမိတို့၏ ဇနီးမယား၊ ခင်ပွန်း၊ လင်တို့မှ လွဲ၍ အခြားတစ်ပါးသော ယောကျ်ားမိန်းမတို့နှင့် မမြင်ကွယ်ရာတွင် ဖောက်ပြားကျူးလွန်လျှင် ကာမေသု မိစ္ဆာစာရကံသင့်၍ သေလွန်သောအခါ ငရဲသို့ ကျရလေသည်။ ထိုကာမေသုမိစ္ဆာ စာရကံ ကျူးလွန်လျှင် ခံရမည့် ပုံဝတ္ထုလေးကို တင်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂေါတမမြတ်စွာဘုရားလက်ထက်တွင် ဘုရားရှင်ကို အနီးကပ်အလုပ်အကျွေးပြုစုသူ ဧတဒဂ်ရ အရှင်အာနန္ဒာကိုယ်တော် ရှိလေသည်။ ထိုပုဂ္ဂိုလ်သည် လွန်လေပြီးသော ဘဝတစ်ခု၌ ရွှေပန်းထိမ်သမားတစ်ဦး ဖြစ်သည်။ ထိုကာလ၌ သူသည် လူပျို၊ လူသွမ်းတို့နှင့် ပေါင်းဖက်မိပြီး ပစ္စည်းလာအပ်သော လင်ရှိမိန်းမနှင့် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိလေသည်။

ထိုအကုသိုလ်ကံကြောင့် သေလွန်ပြီးသောအခါ ငရဲ၌ နှစ်ပေါင်းများစွာ ခံရလေသည်။ ထိုငရဲမှလွတ်၍ မျောက်ဘဝ၊ နွားဘဝ ရောက်ပြန်သော်လည်း ဒှေးစေ့ကို ကိုက်ဖြတ်ခံရ၊ သင်းကွပ်ခံရပြန်သည်။ နောက်လူ့ဘဝရောက်သော်လည်း နပုန်းပဏ္ဍုက် ဖြစ်ရသည်။ အကုသိုလ်ကံကုန်၍ ကုသိုလ်ကံခံစားခွင့် ရပြန်သော်လည်း နတ်သမီးဘဝ ရောက်ရပြန်သည်။ ပြီးမှ လူ့ပြည်သို့ ရှစာမင်းသမီးအဖြစ် ရပြန်သည်။ ထိုမင်းသမီး ဘဝကုန်ပြီးမှ ယောကျ်ားဘဝကိုရ၍ အာနန္ဒာကိုယ်တော်ဟု ထင်ရှားလာခဲ့လေသည်။


ဤဝတ္ထုလေးကို ဖတ်ရှုပြီး သားသားမီးမီးတို့လည်း ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါသည်။





## မုသာဝါဒကံ ကျူးလွန်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

သူတစ်ပါးတစ်ယောက်ယောက်၏ အကျိုးစီးပွားပျက်စီးစေရန် ကိုယ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ပြုမူလိုက်ခြင်းသည် အပြစ်ကြီးလှပါသည်။ တစ်ဖက်လူ၏ ပျက်စီးဆုံးရှုံးမှု အားကြီးလျှင်ကြီးသလောက်




www.burmeseclassic.com

www.burmeseclassic.com

မုသာဝါဒကံထိုက်ပြီး ပြိတ္တာဘဝ ရောက်နိုင်ပါသည်။ ထိုမုသာဝါဒကံ ကျူးလွန်လျှင် ခံရမည့်အပြစ်ပြဝတ္ထုကို တင်ဆက်လိုက်ရပါသည်။

ကဿပဘုရားရှင်လက်ထက်၌ သောတာပန် ဥပါသကာငါးရာတို့သည် ကုသိုလ်ကောင်းမှုများကို စိတ်တူကိုယ်တူ ဆောင်ရွက်ကြ၍ မကြာခဏဆိုသလို ပင် ကျောင်းသို့သွား၍ တရားနာကြလေသည်။ ထိုဥပါသကာတို့၏ ဇနီးငါးရာတို့လည်း **ကောင်းမှုအတူတကွ ပြုကြလေသည်။**

**တစ်နေ့တွင် ထိုမိန်းမငါးရာထဲမှ တစ်ယောက်သောမိန်းမသည် အရက်သမားတစ်ယောက်နှင့်** ဖောက်ပြား ကျူးလွန်မိလေသည်။ **ထိုအရာကို သူ၏လင်ယောက်ျားကသိသဖြင့်** ခေါ်မေးရာ **မိန်းမက မဟုတ်မမှန်ကြောင်း** လိမ်ညာပြောလေသည်။ ယောက်ျားကမယုံသဖြင့် **အနားတွင်ရှိသော** နားရွက်ပြတ်နေသည့်ခွေးနက်အား လက်ညှိုးထိုး၍ "ကျွန်မ တခြားယောက်ျားနှင့် ဖောက်ပြန်မိပါက နောက်ဘဝတွင် ဤခွေးနက်ကြီး အစားခံရပါစေ"ဟု ကျိန်ပြသည်။ ယောက်ျားက မယုံသဖြင့် အဖော်မိန်းမတို့အားမေးမြန်းရာ ယင်း အဖော်မိန်းမတို့က ဝိုင်းဝန်းလိမ်ညာပြောကြသည်။

"အကယ်၍ ကျွန်မတို့လိမ်ညာခဲ့သည်ရှိသော်နောင်ဘဝတွင် ထိုမိန်းမ၏ကျွန်များဖြစ်ပါစေ"ဟု ကျိန်ကြသည်။ ဖောက်ပြန်မိသော မိန်းမသေလွန်လေ





သည်။ သီလစောင့်သော လင်သားကို လိမ်လည်မိသော မုသာဝါဒကံကြောင့် ဟိမဝန္တာတောရှိ ကဏ္ဏမုဏ္ဍအိုင်အနီး၌ နတ်ပြိတ္တာမ ဖြစ်ရသည်။ ကျန်မိန်းမတို့လည်း ထိုမိန်းမ၏ကျွန်များ ဖြစ်လာရ၏။

ကာမဂုဏ်ဖောက်ပြားခဲ့သော မိန်းမနှင့် မုသားဆိုခဲ့သော မိန်းမတို့သည် တစ်ချိန်က ရတနာသုံးပါးအား ကြည်ညိုပြီး တရားနာခဲ့ဖူးသော ကောင်းမှုကြောင့် နေ့အခါ၌ ကြီးကျယ်သော နတ်စည်းစိမ်ခံစားရပြီး ညအခါ မုသားဆိုစဉ်က ကျိန်ခဲ့သည့်အတိုင်း ခွေးနက် အစားခံရလေသည်။

ဤပုံဝတ္ထုလေးကို ဖတ်ရှုပြီး သားသားမီးမီးတို့လည်း မုသာဝါဒကံကို ရှောင်ကြဉ်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## သုရာမေရယကံ ကျူးလွန်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

အရက်နှင့် မူးယစ်ဆေးဝါးအမျိုးမျိုးတို့သည် တစ်ကြိမ်တစ်ခါမျှ စမ်းသပ်သုံးစွဲမိပြီးသည်နှင့် အကြိမ်ကြိမ်အထပ်ထပ် သုံးစွဲချင်လာတော့သည်။ မူးယစ်သောက်စားမှုအားကြီးလျှင် ကြီးသလောက် ခိုးယူခြင်း၊ လုယက်ခြင်း၊ သူတစ်ပါးသားမယားပြစ်မှားခြင်း၊ ဆဲဆိုခြင်းများကိုကျူးလွန်မိတော့သည်။ ထိုသုရာမေရယကံ ကျူးလွန်လျှင် ခံရမည့်အပြစ်ပြပုံဝတ္ထုကို တင်ဆက်လိုက်ပါသည်။







ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်တွင် ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးဖြစ်လေသည်။ သူဌေးကြီးတွင် သားတစ်ယောက်ရှိသည်။ ထိုသူဌေးသားသည် ဘာမျှမလုပ်ပဲ မိဘလုပ်စာကိုသာ ထိုင်စားနေလေသည်။ ဘုရားလောင်းသူဌေးကြီးလည်း ဒါန၊ သီလ စသောကောင်းမှုတို့ ပြုလုပ်ပြီး သေလွန်သောအခါ နတ်ပြည်၌ သိကြားမင်းဖြစ်လေသည်။

မိဘနှစ်ပါးလုံး ကွယ်လွန်ပြီးနောက် သားဖြစ်သူ သူဌေးသားသည် မိဘတို့ ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာများကိုအပေါင်းအသင်းများ နှင့် သေရည်သေရက်သောက်၍ သုံးဖြုန်းနေလေသည်။ သေရည်သောက်၍ မူးယစ်လာသောအခါ ကျွမ်းသမား၊ ကချေသည်တို့ကို ဆုတော်ငွေ အသပြာထောင်ထုပ်ပေး၍ ဖျော်ဖြေစေသည်။ ထိုသို့ နေ့စဉ်သုံးဖြုန်းပစ်သောအခါ မိဘတို့ချန်ထားခဲ့သော ကုဋေရှစ်ဆယ်လည်း ကုန်ခန်း၍ ဆင်းရဲမွဲတေသွားလေသည်။

သိကြားမင်းဖခင်က မိမိသားအဖြစ်ကို သိရ၍ လူ့ပြည်သို့ လှမ်းကြည့်ရာ ခွက်ဆွဲ၍တောင်းစားနေသော သူဌေးသားကိုတွေ့လိုက်ရသည်။ ထို့ကြောင့် ဖခင်သိကြားမင်းက လူ့ပြည်ဆင်းလာပြီး သားဖြစ်သူအား ကုမ္ဘာသယလိုတရနိုင်တစ်လုံး ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဤအိုးကို မကွဲမရှအောင် ဂရုစိုက်ပါ။ သင့်ဘဝတစ်လျှောက်လုံး အေးအေးချမ်းချမ်းနေထိုင်သွားရစေမည်။ အိုးကွဲသွားလျှင် သင်လည်း ပြန်၍ တောင်းစားရပေမည်"ဟု ပြောကာ တာဝတိံသာသို့ ပြန်သွားလေသည်။

သူဌေးသားလည်း လိုတရအိုးကို ကိုင်၍ သေရည်ပြန်သောက်ကာ အမူးလွန်ပြီး အိုးကိုမြှောက်ကစားစဉ် ပြုတ်ကျ၍ အိုးကွဲလေသည်။ ထိုကဲ့သို့ သယ လိုတရအိုးကွဲပြီးနောက် ခွက်ဆွဲ၍ ပြန်တောင်းစားပြီး လမ်းဘေးတွင် သေရလေသည်။

ပညာမရှိ၍ အသုံးနှင့် အဖြုန်းနားမလည်ဘဲ သေရည်သောက်သုံးသောကြောင့် ခွက်ဆွဲတောင်းစားရပြီး လမ်းဘေးတွင် သေရလေသည်။ ထို့ကြောင့် သုရာမေရယကံကို သားသားမီးမီးတို့ရှောင်ကြဉ်နိုင်ပါစေ။

ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံလုံခြုံအောင် စောင့်ထိန်းနိုင်သူသည် သေပြီးနောက်တွင် နတ်ပြည်သို့ လားရနိုင်သည်။ ထိုမှတစ်ဖန် စုတေပြန်၍ အမျိုးမြတ်သော အိမ်၌ပြန်ဝင်စားပြီး မြတ်စွာဘုရားကို ဒိဋ္ဌမေ့ ဖူးတွေ့နိုင်၍ နိဗ္ဗာန်သို့ရောက်နိုင်ပါသည်။






**ပုညကြိယာဝတ္ထု (၁၀) ပါး**

လောကသို့ပြုမှုထိုက်သော ကောင်းမှုများကို ပုညကြိယာဟုခေါ်ပါသည်။ ထိုပုညကြိယာ (၁၀) ပါးရှိသည်။

၁။ ဒါန = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။



www.burmeseclassic.com

www.burmeseclassic.com


၂။ သီလ = ကိုယ်ကျင့်သီလစောင့်ထိန်းခြင်း။






သားငယ် သမီးငယ်တို့အတွက် ပုံပြဲပြကာသ


၃။ ဘာဝနာ = ဘုရားဂုဏ်၊ တရားဂုဏ်စသည်ကို အာရုံပြုခြင်း။




www.burmeseclassic.com

www.burmeseclassic.com


၄။ အပစာယန = ရိုသေထိုက်သူကို ရိုသေခြင်း။







၅။ ဝေယျာဝစ္စ = သူတစ်ပါး၏ ကုသိုလ်ကောင်းမှုကိစ္စကြီးငယ်တွင် ပါဝင် ဆောင်ရွက်ခြင်း။




www.burmeseclassic.com

www.burmeseclassic.com


၆။ ပတ္တိဒါန = မိမိပြုလုပ်သော ကုသိုလ်ကို အမျှဝေခြင်း။






သားငယ် သမီးငယ်တို့အတွက် ပုံပြဩကာသ

၇။ ပတ္တာနုမောဒနာ = သူတစ်ပါး၏ ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်၍ သာဓုခေါ်ခြင်း။





www.burmeseclassic.com

www.burmeseclassic.com

သားငယ် သမီးငယ်တို့အတွက် ပုံပြသြကာသ

၈။ ဓမ္မဿဝန = တရားကို ကောင်းစွာနာယူခြင်း။



၉။ ဓမ္မဒေသနာ = တရားဟောပြောပြသခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ ဒိဋ္ဌိဇုကမ္မ = ဖြောင့်မှန်သော အယူဝါဒရှိခြင်း။









**သူတော်ကောင်းတရား (၇) ပါး**

လောက၌ ပြုမူထိုက်သော သူတော်ကောင်းတရား ရှိသည်။ ထိုသူတော်ကောင်းတရား (၇) ပါးကို အစဉ်လက်ကိုင်ထားအပ်သည်။


၁။ သဒ္ဓါ = ယုံကြည်ခြင်း။




www.burmeseclassic.com

www.burmeseclassic.com


၂။ သီလ = ကိုယ်ကျင့်တရား။









၃။ သုတ = အကြားအမြင်။




www.burmeseclassic.com

www.burmeseclassic.com


၄။ စာဂ = စွန့်ကြဲပေးကမ်းခြင်း။








၅။ ပညာ = ဆင်ခြင်ဉာဏ်။




www.burmeseclassic.com

www.burmeseclassic.com


၆။ ဟိရီ = ရှက်ခြင်း






သားငယ် သမီးငယ်တို့အတွက် ပုံပြဩကာသ

၇။ ဩတ္တပ္ပ = ကြောက်ရွံ့ခြင်း။





www.burmeseclassic.com

www.burmeseclassic.com


သားငယ် သမီးငယ်တို့အတွက် ပုံပြင်ကာသ

အပါယ်မလား (၇) ပါး

၁။ သရဏဂုံခိုင်မြဲစွာ တည်သူ (ရတနာသုံးပါး အမြဲကိုးကွယ်ဆည်းကပ်သူ)




၂။ ငါးပါးသီလ ခိုင်မြဲစွာစောင့်ထိန်းသူ။




www.burmeseclassic.com

www.burmeseclassic.com


၃။ စာရေးတံဆွမ်း လှူဒါန်းသူ (ဆွမ်းလှူဒါန်းရာတွင် လှူဖွယ်ပစ္စည်းဝတ္ထုတို့ကို မဲလိပ်ဖောက်၍ လှူဒါန်းခြင်း။)








၄။ နေ့စဉ်၊ လစဉ် ဆွမ်းချက်ပြုတ်၍ လှူဒါန်းသူ။



www.burmeseclassic.com

www.burmeseclassic.com


၅။ နှစ်စဉ်ဝါဆိုလတိုင်း ဝါဆိုသင်္ကန်း ဆက်ကပ်သူ။








၆။ ရေတွင်း၊ ရေကန်၊ ရေစက် စသည်တို့ကို လှူဒါန်းသူ။




www.burmeseclassic.com

www.burmeseclassic.com

၇။ စေတီ၊ ပုထိုး၊ သိမ်၊ ကျောင်း၊ ဇရပ် အစရှိသော အဆောက်အအုံ လှူဒါန်းသူ။






သားငယ် သမီးငယ်တို့အတွက် ပုံပြဩကာသ

## ပါရမီ (၁၀) ပါး (ပါရမီ = ဖြည့်ဆည်းအပ်သောကောင်းမှု)

၁။ ဒါနပါရမီ = စွန့်ကြဲပေးကမ်းခြင်း။




www.burmeseclassic.com

www.burmeseclassic.com


သားငယ် သမီးငယ်တို့အတွက် ပုံပြင်ဪကာသ

၂။ သီလပါရမီ = ကိုယ်နှုတ်တို့ကို ကောင်းစွာထိန်းသိမ်းခြင်း။







၃။ နိက္ခမ္မပါရမီ = ကာမဂုဏ်မှ ရှောင်ထွက်ခြင်း။




www.burmeseclassic.com

www.burmeseclassic.com


၄။ ပညာပါရမီ = ကောင်းသောအလုပ်တို့ကို အသိဉာဏ်ရှိစေရန် သင်ကြားပြသ
ဟောပြောခြင်း။









၅။ ဝီရိယပါရမီ = ကောင်းသောအလုပ်ကို ကြိုးစားအားထုတ်ခြင်း။




www.burmeseclassic.com

www.burmeseclassic.com


၆။ ခန္တီပါရမီ = အရာရာတိုင်း၌ သည်းခံခြင်း။






သားငယ် သမီးငယ်တို့အတွက် ပုံပြဿကာသ


၇။ သစ္စာပါရမီ = မှန်သောစကားကို ပြောဆိုခြင်း။




www.burmeseclassic.com

www.burmeseclassic.com

၈။ အဓိဋ္ဌာန်ပါရမီ = ကောင်းမှုကိုဧကန်မုချပြုမည်ဟု အဓိဋ္ဌာန်ပြုခြင်း။








၉။ မေတ္တာပါရမီ = သတ္တဝါများ ချမ်းသာစေလိုခြင်း။





www.burmeseclassic.com

www.burmeseclassic.com

သားငယ် သမီးငယ်တို့အတွက် ပုံပြင်ကာသ

၁၀။ ဥပေက္ခာပါရမီ = သတ္တဝါတို့၌ ကောင်းသည်၊ မကောင်းသည်ကို မကြည့်၊ လျစ်လျူရှုခြင်း။




ဗြဟ္မစိုရ်တရား (၄) ပါး





www.burmeseclassic.com

www.burmeseclassic.com




၁။ မေတ္တာ = သတ္တဝါအများ ကြီးပွားချမ်းသာခြင်းကိုသာ လိုလားမြတ်နိုးခြင်း။






သားငယ် သမီးငယ်တို့အတွက် ပုံပြသုတ္တကာသ


၂။ ကရုဏာ = ဆင်းရဲသောသတ္တဝါများကို မြင်၍ သနားခြင်း၊ ဆင်းရဲမှ ကင်းလွတ်စေလိုခြင်း။




www.burmeseclassic.com

www.burmeseclassic.com


၃။ မုဒိတာ = ပြည့်စုံချမ်းသာသော သူတို့ကိုမြင်လျှင် ဝမ်းမြောက်ခြင်း။








၄။ ဥပေက္ခာ = သတ္တဝါတို့အပေါ်၌ ချစ်ခြင်း၊ မုန်းခြင်းမရှိ၊ မျှမျှတတရှုမြင်ခြင်း။





www.burmeseclassic.com

www.burmeseclassic.com

## သည်းခံခြင်းအကျိုး (၅) မျိုး

၁။ လူချစ်လူခင်များခြင်း။





သားငယ် သမီးငယ်တို့အတွက် ပုံပြဩဝါဒ


၂။ ရန်မများခြင်း။




www.burmeseclassic.com

www.burmeseclassic.com


၃။ အမှားနည်းခြင်း။






သားငယ် သမီးငယ်တို့အတွက် ပုံပြင်ကာသ


၄။ မတွေ့မဝေသေရခြင်း။




www.burmeseclassic.com

www.burmeseclassic.com

၅။ သေလျှင်ကောင်းရာသုဂတိ ရောက်ရခြင်း။




**(ဆောင်ပုဒ်)**

ချစ်ခြင်း၊ ရန်ကင်း၊ မှားကင်း၊ မတွေ၊ ရောက်လေသုဂတိ၊ ငါးခုရှိရ၏သည်းခံကျိုး။



## စာပေလောက ၅ စာအုပ်တိုက်မှ ထုတ်ဝေသော စာအုပ်များ

| | | | | |
|---|---|---|---|---|
| ၁။ | တွမ်ရဲ့အမြီး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၂။ | ဆာနေတဲ့ဟယ်ရီ | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၃။ | မအိပ်ချင်ပါဘူး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၄။ | ပြုံးချိုငမန်း | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၅။ | မေမေဘယ်မှာလဲ | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၆။ | အိပ်လို့မရတဲ့ ဒိုတီလေး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၇။ | စားနေဝါးနေတဲ့ခွေးကောင်လေး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၈။ | ဝက်ဝံကြီးတွေလုပ်နိုင်တယ် | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၉။ | ညအိပ်ပျော်ပွဲ | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၁၀။ | ဗိုင်နီဆောသည်းထိပ်ရင်ဖို | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၁၁။ | ငါတို့ဘာလုပ်ကြရမှာပါ | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၂။ | ဒီဟာ ငါပိုင်တဲ့အရာ | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၃။ | အော်သံပျောက်တဲ့ ကြောင်ကလေး | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၄။ | အုံ့အားသင့်စရာမွေးနေ့လက်ဆောင် | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၅။ | အုံ့ဩစရာကြီးပါလား | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၆။ | ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို အလှဒီဇိုင်းအပွင့်ပုံဖော်ဖန်တီးနည်း | နည်းပညာ | နှင်းမြတ်သွယ် | ၂၀၀၀ |
| ၁၇။ | ဖုန်းရွှေအဆောင်လာဘ်ကောင်လေး များ + (ကဒ်ဘူး) | လောကီရေးရာ | စန္ဒီ (artist) | ၃၅၀၀ |

www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| ၁၈။ | ယဉ်ကျေးလိမ္မာပုံပြကဗျာ | ကလေးစာပေ | Litt Boy Publishing | ၁၀၀၀ |
| ၁၉။ | အလှူဒါနပြုကြသူတွေ ရေစက်ချလို့အမျှဝေ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၀။ | ဘဝခြားသူသို့ရည်စူး၍ ကုသိုလ်ဒါန ပြုလုပ်နည်း | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၁။ | ကံထပ်၊ ရဟန်းခံ၊ ရှင်ပြု လှူဒါန်းခြင်းကုသိုလ်မင်္ဂလာ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၂။ | ဒါနအမျိုးမျိုး သိကောင်းစရာအဖြာဖြာ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၃။ | ရင်သွေးများအတွက် အနာဂတ်သာသနာပျိုးခင်း | ဘာသာရေး | အရှင်ကုဝေရသာရ | ၆၀၀ |
| ၂၄။ | ဆရာတော်ကြီးများ၏ဖိုနာ၊ သေဘေး မမွလက်ာရ အဆုံးအမများ | ဘာသာရေး | အရှင်ကုဝေရသာရ | ၂၅၀ |
| ၂၅။ | ဝိတ်ချသွယ်လျအစိမ်းရောင်ဖျော်ရည်များ | ကျန်းမာရေး | စန္ဒီ (artist) | ၂၅၀၀ |
| ၂၆။ | လုပ်ငန်းသုံး Facebook Page တည်ဆောက်အသုံးပြုနည်း | အတတ်ပညာ | မင်းမြတ်မိုယ်း | ၂၅၀၀ |
| ၂၇။ | ၂၄ ပစ္စည်းမဟာပဋ္ဌာန်းဒေသနာတော် ပါဠိအသံထွက် ရွတ်ဖတ်နည်း (ဒုတိယအကြိမ်) | ဘာသာရေး | နှင်းမြတ်သွယ် | ၃၀၀ |
| ၂၈။ | လက်မှုအနုပညာ အမှတ် (၁) | အတတ်ပညာ | ကလောင်စုံ | ၂၅၀၀ |
| ၂၉။ | ပို့မေတ္တာအတွက် လက်သည်းလှလှ | အလှအပရေးရာ | - | ၂၅၀၀ |
| ၃၀။ | လက်သည်းတွေပေါ်ရေးတဲ့ပန်းချီကားများ | အလှအပရေးရာ | - | ၂၅၀၀ |

PICTORIAL PLAYERS (LINN THET KHINE)
Ks-1200
2000000086616

www.burmeseclassic.com